တရားမပုံစံ-၉၄

ဤပုံစံကို အသုံးပြုရန်အတွက် တရားမပုံစံအမှတ်-၉၆ ကိုကြည့်

**ကြော်ငြာကပ်ရန်နေရာများ**
(၁)အချင်းဖြစ်နေအိမ်
(၂ )စက်မှုဇုန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြင်းခြံမြို့
(၃)အသေးစားအလတ်စားဘဏ်ခွဲ၊ မြင်းခြံမြို့
(၄)မြင်းခြံခရိုင်တရားရုံး
(၅)ရုံးလက်ခံ/အမှုတွဲလက်ခံ

# ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆ )**

**မြင်းခြံခရိုင် တရားရုံးတော်၌**

**၂၀၂၀ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၉**

အသေးစားနှင့်အလတ်စားစက်မှု — ၁။ ဦးထွန်းထွန်း

လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်(၎င်း၏ — နှင့် — ၂၊ ဒေါ်မူမူစန်း

ကိုယ်စားဒု-ကြီးကြပ်ရေးမှူးဒေါ်ဆုမွန်ကျော်)

(မြင်းခြံဘဏ်ခွဲ)

**(ဒီကရီအနိုင်ရသူ )** — **(တရားရှုံးများ)**

မြင်းခြံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၇၀/၂၀၁၉ အမှု၌ (၁၇-၂-၂၀၂၀)ရက်နေ့တွင် ရရှိခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို **၂၀၂၄-ခုနှစ်၊ ဖေဖော်ဝါရီ လ (၂)ရက် (၁၃၈၅-ခုနှစ်ပြာသိုလဆုပ်(၈)ရက်)နံနက်(၁၀း၀၀)နာရီ**တွင် ၎င်းပစ္စည်းများတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**<u>လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ</u>**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်ထားသည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံး ပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်(၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃-ခုနှစ်၊ ဒီဇင်ဘာ လ ၁၈ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

( တင့်တင့်ဌေး )
ခရိုင်တရားသူကြီး

**<u>ပစ္စည်းစာရင်း</u>**

မြင်းခြံမြို့နယ်၊အမှတ်(၁)ရပ်ကွက်အတွင်းရှိ ကွင်း/အကွက်အမှတ်(၁-င၊တပ်မြို့)၊ ဦးပိုင် အမှတ်(၂-တ)၊ မြို့မြေ၊ ဂရန်မြေ၊ဧရိယာ(၀.၀၃၈)ဧကရှိ ဦးထွန်းထွန်း အမည်ပေါက် ဂရန် ဝိုင်းမြေကွက်၊ အရှေ့လားသော်-လမ်း၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးညွန့်ဝင်း နှင့် ဦးဇော်လွင် ဝိုင်းမြေ၊မြောက်လားသော်-လမ်း၊ ယင်းနယ်လေးရပ်အတွင်းရှိ နှစ်(၃၀)ဂရန် ဝိုင်းမြေကွက်၊ ယင်းဝိုင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(က)အဆောက်အဦ အမျိုးအစား- အာရ်စီ(၂)ထပ်၊ အုတ်ညှပ်အဆောက်အဦ၊ (ခ)အကျယ်အဝန်း-(၂၉×၂၇)ပေ(၇၈၃-စတုရန်းပေ)၊ (၁၀×၆၀)ပေ(၆၀-စတုရန်းပေ)၊ (၂၉×၂၇)ပေ(၇၈၃-စတုရန်းပေ)၊ စုစုပေါင်း(၁၆၂၆)စတုရန်းပေ၊ (ဂ)အုတ်မြစ်အမျိုးအစား-အုတ်ခံဖောင်ဒေးရှင်း၊ အာရ်စီ ဖောင်ဒေးရှင်း၊ (ဃ)ကွန်ကရစ် ကြမ်းခင်း၊ သစ်သားကြမ်းခင်း၊(င)ကျွန်းတံခါး၊ မှန်ပြတင်း၊ (စ)အုတ်နံရံသစ်သားလှေကား၊ (ဆ)သွပ်မိုး၊ ကျွန်းလျှာထိုးမျက်နှာကျက်၊ (ဇ)အဆောက်အဦမှာ မြေညီထပ်တွင်ဧည့်ခန်း၊ ထမင်းစားခန်း ၊မီးဖိုခန်းများပါရှိပြီး ပထမထပ်တွင် ဘုရားခန်းနှင့် အိပ်ခန်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

လေလံကြမ်းခင်းဈေးကျပ်သိန်း(၁၀၅၀)
အရောင်းကြော်ငြာသွင်းရန်နေ့= ၁-၁-၂၀၂၄
ရောင်းချမည့်နေ့ = ၂-၂-၂၀၂၄
ဘီလစ်အစီရင်ခံစာတင်ရန်နေ့ = ၅-၂-၂၀၂၄